မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၄၈ ] ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် ( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၇ ရက် ) } သောကြာနေ့ [ အတွဲ ၇၃

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**ပြည်ထောင်စုလွှတ်တော်ရုံး**
**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀)**
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၆ ရက်)

**ကျန်းမာရေးမှုနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကောင်စီဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **ကျန်းမာရေးမှုနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကောင်စီဥပဒေ** (၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

**ကျန်းမာရေးမှုနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကောင်စီဥပဒေ**
**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။)**
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ကျန်းမာရေးမှုနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကောင်စီဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ကျန်းမာရေးမှုနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကောင်စီကို ဆိုသည်။

(ခ) **ကောင်စီဝင်** ဆိုသည်မှာ ကောင်စီတွင်ပါဝင်သူ တစ်ဦးဦးကို ဆိုသည်။

(ဂ) **ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု** ဆိုသည်မှာ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ကုသမှုပေးခြင်း၊ ကျန်းမာရေးပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းအပါအဝင် ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအားလုံးနှင့် သက်ဆိုင်သော ဆောင်ရွက်ချက်ကို ဆိုသည်။

(ဃ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို ဆိုသည်။

(ဆ) **ကျန်းမာရေးမှူးအသင်း** ဆိုသည်မှာ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းကို ဆိုသည်။

(ဇ) **ကျန်းမာရေးမှူး** ဆိုသည်မှာ ဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ကျန်းမာရေးမှူး အောင်လက်မှတ်ရရှိသူ သို့မဟုတ် အခြေခံကျန်းမာရေးတက္ကသိုလ်မှ ကျန်းမာရေးသိပ္ပံ (အခြေခံကျန်းမာရေး) ဘွဲ့ရရှိသူကို ဆိုသည်။

(ဈ) **မှတ်ပုံတင်ကျန်းမာရေးမှူး** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိသည့် ကျန်းမာရေးမှူးကို ဆိုသည်။

(ည) **ပြည်သူ့ကျန်းမာရေးကြီးကြပ်** ဆိုသည်မှာ ဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၁) သို့မဟုတ် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) အောင်လက်မှတ်ရရှိသူကို ဆိုသည်။

(ဋ) **မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိသည့် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကို ဆိုသည်။

(ဌ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ မှတ်ပုံတင်သည့် ကျန်းမာရေးမှူး သို့မဟုတ် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကို ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ကျန်းမာရေးမှူး သို့မဟုတ် ပြည်သူ့ကျန်းမာရေးကြီးကြပ်၏ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ကောင်စီကခန့်အပ်သော အမြဲမ်းစား မှတ်ပုံတင်ကျန်းမာရေးမှူးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ထိရောက်သော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်၊

(ခ) မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်များ၏ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပညာရပ်ကို မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင် ပြည်သူ့ကျန်းမာရေးကြီးကြပ်များက ခေတ်နှင့်အညီ အဆင့်အတန်းမြင့်မားစွာ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(ဃ) မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်များအား မိမိတို့၏ ကိုယ်ကျင့်သိက္ခာကို အစဉ်လိုက်နာစောင့်ထိန်းစေရေးအတွက် ကြီးကြပ်ထိန်းသိမ်းရန်၊

(င) သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ကောင်စီ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည်-

(က) ကောင်စီကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော<br>ကျန်းမာရေးမှူး ကိုယ်စားလှယ်တစ်ဦး | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၄) | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | အခြေခံကျန်းမာရေးတက္ကသိုလ်မှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၆) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော<br>ကျန်းမာရေးမှူး ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၇) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော<br>ပြည်သူ့ကျန်းမာရေးကြီးကြပ် (၁) ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၈) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော<br>ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၉) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော<br>ကျန်းမာရေးမှူး ကိုယ်စားလှယ်တစ်ဦး | ဘဏ္ဍာရေးမှူး |
| (၁၀) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော<br>ကျန်းမာရေးမှူး ကိုယ်စားလှယ်တစ်ဦး | အတွင်းရေးမှူး |
| (၁၁) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော<br>ပြည်သူ့ကျန်းမာရေးကြီးကြပ် ကိုယ်စားလှယ်တစ်ဦး | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သော စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၆။ ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်တစ်ဦးသည် ကောင်စီသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မရှိစေရ။

၇။ ကောင်စီသည် သက်တမ်းကုန်ဆုံးသော်လည်း ကောင်စီသစ်ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

## အခန်း (၄)
## ကောင်စီဝင်များ၏ အရည်အချင်း

၈။ ကောင်စီဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများဖြစ်ရမည်-

(က) နိုင်ငံတော်နှင့် ပြည်သူများအပေါ် သစ္စာစောင့်သိသူ၊

(ခ) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စေရေးအတွက် ဆောင်ရွက်နိုင်သူ၊

(ဂ) ကျန်းမာရေးဝန်ထမ်းများ၏ သစ္စာအဓိဋ္ဌာန်ကို လေးစားလိုက်နာသူ၊

(ဃ) ကောင်စီက ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်သူ။

## အခန်း (၅)
## ကောင်စီ၏ လုပ်ငန်းတာဝန်များ

၉။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီ၏ ငွေကြေးဆိုင်ရာကိစ္စရပ်များကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြင့်မားစေရေးအတွက် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ဃ) မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာနှင့်သက်ဆိုင်သော စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် လိုက်နာစောင့်ထိန်းခြင်း ရှိ မရှိ ကြီးကြပ်ခြင်း၊

(င) ကိုယ်တိုင်တွေ့ရှိချက်အရဖြစ်စေ၊ တိုင်ကြားချက်အရဖြစ်စေ မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်က ယင်း၏ တာဝန်တစ်ရပ်ရပ်ကို လိုက်နာစောင့်ထိန်းရန် ပျက်ကွက်ကြောင်း သို့မဟုတ် အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးက ပြစ်ဒဏ်ချမှတ်ခံရကြောင်းသိရှိရလျှင် စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) အငြိမ်းစားမှတ်ပုံတင်ကျန်းမာရေးမှူးများအနက်မှ သင့်လျော်သူတစ်ဦးကို မှတ်ပုံတင်အရာရှိအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခန့်အပ်ခြင်း၊ လုပ်ငန်းတာဝန်သတ်မှတ်ခြင်းနှင့် သက်တမ်း သတ်မှတ်ခြင်း၊

(ဆ) မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) မှတ်ပုံတင်အရာရှိက တင်ပြလာသည့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဈ) မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအတွက် လျှောက်ထားလာမှုများကို စိစစ်၍ မှတ်ပုံတင်လက်မှတ် မိတ္တူမှန် ထုတ်ပေးခြင်း၊

(ည) ဝန်ကြီးဌာနက ညွှန်ကြားသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတို့ကို ဆောင်ရွက်ခြင်း၊

(ဋ) ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်များကို ဝန်ကြီးဌာနသို့ အစီရင်ခံ တင်ပြခြင်း၊

(ဌ) ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အကူအညီလိုအပ်သောကိစ္စရပ်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဍ) မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်များ ပေးဆောင်ရမည့် နှစ်စဉ်ကြေးနှင့် မှတ်ပုံတင်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ၊ မှတ်ပုံတင်လက်မှတ် မိတ္တူမှန်ထုတ်ပေးခတို့ကို သတ်မှတ်ခြင်း၊

(ဎ) လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(ဏ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)
## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းနှင့် ဖြည့်စွက်ခန့်ထားခြင်း

၁၀။ ဝန်ကြီးဌာနသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လာသည့် ကောင်စီဝင် တစ်ဦးဦးကို ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်-

(က) ကွယ်လွန်ခြင်း၊

(ခ) သာသနာ့ဘောင်သို့ အမြဲကူးပြောင်းဝင်ရောက်ခြင်း၊

(ဂ) မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊

(ဃ) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးက ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(င) စိတ်ကျန်းမာရေးချို့ယွင်းသူဟု မှတ်ချက်ပေးပိုင်ခွင့်ရှိသူက မှတ်ချက်ပြုခြင်း။

၁၁။ ကောင်စီဥက္ကဋ္ဌသည် ပုဒ်မ ၁၀ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ကောင်စီဝင်နေရာ လစ်လပ်လျှင် ဖြည့်စွက်ခန့်ထားနိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၂။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၁ အရ တင်ပြချက်ကိုလက်ခံရရှိလျှင် သက်ဆိုင်ရာ အဖွဲ့အစည်းထံမှ ကိုယ်စားလှယ်အမည်စာရင်းတောင်းခံ၍ ဖြည့်စွက်ခန့်ထားရမည်။

၁၃။ ပုဒ်မ ၁၂ အရ ဖြည့်စွက်ခန့်ထားခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် ကျန်ရှိသည့် ကောင်စီသက်တမ်း ကုန်ဆုံးချိန်အထိသာဖြစ်သည်။

## အခန်း (၇)
## ကောင်စီအစည်းအဝေးများ ကျင်းပခြင်း

၁၄။ ကောင်စီဥက္ကဋ္ဌသည်-

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးများကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(ခ) ကောင်စီဝင်ဦးရေ ထက်ဝက်ကျော်က အစည်းအဝေးခေါ်ယူကျင်းပပေးရန် တင်ပြလျှင် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

၁၅။ ကောင်စီ၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးတို့တွင် ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ အပါအဝင် ကောင်စီဝင်ဦးရေ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

၁၆။ ကောင်စီ၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး၏ ဆောင်ရွက်ချက်အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

## အခန်း (၈)
## မှတ်ပုံတင်ခြင်း

၁၇။ မှတ်ပုံတင်လက်မှတ်ရယူလိုသည့် ကျန်းမာရေးမှူး သို့မဟုတ် ပြည်သူ့ကျန်းမာရေးကြီးကြပ်သည် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၈။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၇ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး-

(က) ညီညွတ်မှုရှိပါက ကောင်စီသို့ တင်ပြရမည်။

(ခ) ညီညွတ်မှုမရှိပါက ပြန်လည်ပြင်ဆင်လျှောက်ထားရန် ညွှန်ကြားရမည်။

၁၉။ ကောင်စီသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို စိစစ်ပြီး-

(က) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်ဆုံးဖြတ်ပါက သတ်မှတ်သော မှတ်ပုံတင်ခကို ပေးသွင်းပြီးကြောင်း အထောက်အထားဖြင့် တင်ပြလာလျှင် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ဂ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားသူထံ စာဖြင့်အကြောင်းကြားရမည်။

၂၀။ မှတ်ပုံတင်လက်မှတ်သက်တမ်းသည် မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

၂၁။ မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်သည် မှတ်ပုံတင်လက်မှတ် သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးပေးရန် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၁ အရ လျှောက်ထားချက်ကို စိစစ်ပြီး-

(က) မိမိတွေ့ရှိချက်များကို သဘောထားမှတ်ချက်နှင့်အတူ ကောင်စီသို့ တင်ပြရမည်။

(ခ) ကောင်စီက သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင်သော်လည်းကောင်း၊ သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်လျှင်သော်လည်းကောင်း ယင်းဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ကောင်စီ၏ ဆုံးဖြတ်ချက်အရ-

(၁) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်း တိုးမြှင့်ခ ပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်သက်တမ်း တိုးမြှင့်ပေးရမည်။

(၂) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ပါက ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားသူထံ စာဖြင့်အကြောင်းကြားရမည်။

## အခန်း (၉)
## မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်းနှင့် ပျောက်ဆုံးခြင်း

၂၃။ မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်သည် မှတ်ပုံတင်လက်မှတ် ပျက်စီးလျှင်ဖြစ်စေ၊ ပျောက်ဆုံးလျှင်ဖြစ်စေ မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးရန်သတ်မှတ်ချက်များ နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၂၄။ မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ ၂၃ အရ လျှောက်ထားချက်ကို စိစစ်ပြီး မိမိတွေ့ရှိချက်များကို သဘောထားမှတ်ချက်နှင့်အတူ ကောင်စီသို့ တင်ပြရမည်။

(ခ) ကောင်စီက မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးရန်ဆုံးဖြတ်ပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးကြောင်း မှတ်ပုံတင်စာရင်းတွင် ဖော်ပြ ရေးသွင်းထားရမည်။

## အခန်း (၁၀)
## လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း

၂၅။ ကောင်စီသည်-

(က) မိမိလုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ရေးအတွက် ကောင်စီဝင် အနည်းဆုံး တစ်ဦးနှင့် သင့်လျော်သူများပါဝင်သော အောက်ပါလုပ်ငန်းအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-

(၁) ဘဏ္ဍာရေးကြီးကြပ်မှုအဖွဲ့၊

(၂) ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊

(၃) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ညှိနှိုင်းကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းအဖွဲ့၊

(၄) လေ့ကျင့်ပညာပေးရေးလုပ်ငန်းအဖွဲ့၊

(၅) ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့များကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် အခြားလုပ်ငန်းအဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်း ပြုနိုင်သည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် လုပ်ငန်းအဖွဲ့ဝင်များ၏ စရိတ်နှင့် ချီးမြှင့်ငွေများကို သတ်မှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ သတ်မှတ်သော စရိတ်နှင့် ချီးမြှင့်ငွေများကို ကောင်စီ၏ ရန်ပုံငွေမှ ကျခံရမည်။

(င) လုပ်ငန်းအဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် လစ်လပ်နေရာ ဖြည့်စွက်ခန့်ထားခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၁)
## ဘဏ္ဍာရန်ပုံငွေ လက်ခံခြင်းနှင့် သုံးစွဲခြင်း

၂၆။ ကောင်စီသည် ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံရယူနိုင်သည်။

၂၇။ ကောင်စီသည် ပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လက်ခံရယူနိုင်သည်။

၂၈။ ကောင်စီသည် မိမိ၏ရငွေနှင့် သုံးငွေများကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းထိန်းသိမ်းထားရှိခြင်းများ ပြုလုပ်ရမည်။

၂၉။ ကောင်စီသည်-

(က) မိမိ၏ ရငွေ၊ သုံးငွေများကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေအရ အသိအမှတ်ပြုထားသည့် ပြင်ပစာရင်းစစ် ငှားရမ်း၍ စစ်ဆေးရမည်။

(ခ) စာရင်းစစ်အစီရင်ခံစာကို ဝန်ကြီးဌာနသို့ ဆောလျင်စွာ တင်ပြရမည်။

## အခန်း (၁၂)
## မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်၏ တာဝန်နှင့် အခွင့်အရေးများ

၃၀။ (က) မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်သည်-

(၁) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(၂) ကောင်စီက သတ်မှတ်သော နှစ်စဉ်ကြေးကို ပေးဆောင်ရမည်။

(၃) ကောင်စီက သတ်မှတ်သည့် မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်ဆိုင်ရာ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(၄) ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့သင်ယူလေ့ကျင့်ခဲ့သည့် ပညာရပ်နှင့်အညီ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု ပေးရမည်။

(ခ) မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်သည်-

(၁) ကောင်စီ၏လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုတင်ပြနိုင်သည်။

(၂) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

(၃) ကောင်စီ၏အကြံဉာဏ် ရယူခွင့်ရှိသည်။

(၄) ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်မှုတွင် ဆန္ဒမဲပေးပိုင်ခွင့်နှင့် ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

## အခန်း (၁၃)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၁။ ကောင်စီသည် မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ် တစ်ဦးဦးက ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာစောင့်ထိန်းရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင်ဖြစ်စေ၊ အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးတစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်း ခံရကြောင်း သိရှိလျှင်ဖြစ်စေ အောက်ပါစီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူနိုင်သည်-

(က) သတိပေးခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

## အခန်း (၁၄)
## အယူခံခြင်း

၃၂။ ကောင်စီက ပုဒ်မ ၃၁ အရ ချမှတ်သည့် အရေးယူမှုကိုသော်လည်းကောင်း၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) တို့အရ ချမှတ်သည့်ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၃၃။ ဝန်ကြီးဌာနသည် ပုဒ်မ ၃၂ အရ အယူခံမှုနှင့်စပ်လျဉ်း၍ ကောင်စီကချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၄။ ပုဒ်မ ၃၃ အရ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်သည်။

## အခန်း (၁၅)
## အထွေထွေ

၃၅။ ဦးစီးဌာနသည် ကောင်စီ၏ရုံးလုပ်ငန်းများကို စီမံဆောင်ရွက်ရမည်။

၃၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များအတွက် စရိတ်နှင့် ချီးမြှင့်ငွေများကို ကောင်စီ၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၃၇။ ကောင်စီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနနှင့် ကောင်စီတို့သည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်)

**တနင်္သာရီတိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းရေးကိစ္စ**

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှု/ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက်ဖြေရှင်းနိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **တနင်္သာရီတိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးသန်းညွန့် | ဥက္ကဋ္ဌ ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးခင်မောင်ကြည် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးအောင်စိုး | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးယုတင် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးအုန်းမြ (ခ)ဦးမောင်အုန်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဒေါ်ဆွေဆွေဝင်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးတင်လတ် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ထွေ/အုပ်) | အဖွဲ့ဝင် |
| (၈) | ဒေါ်စိုးစိုးထွန်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးနိုင်ဦး | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးယဉ်ထွေး | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လဝက) | အဖွဲ့ဝင် |
| (၁၁) | ဦးဖြူဝင်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | Dr.ထွန်းမင်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဦးညွန့်ဝင်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်ခင်ပြုံးရီ | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၅) | ဦးသက်လွင်ဦး | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စည်ပင်) | အဖွဲ့ဝင် |
| (၁၆) | စောအိမ်ဂျယ်ဂျူး | ကရင်ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးခင်မောင်လတ် | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးသန်းအေး(ခ) ဦးတင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၉) | ဒေါ်ချောစုလှိုင် | ထားဝယ်တိုင်းရင်းသားများပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးရီပင် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးအောင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၂၂) | နိုင်ခင်မောင်မြင့် | မွန်ညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးဇော်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၄) | ဦးအောင်မိုး | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | အဖွဲ့ဝင် |
| (၂၅) | ဦးသန်းညွန့် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၆) | ဦးကြည်ဝေ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၇) | ဦးလေးတင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၈) | ဒေါ်စမ်းရည် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၉) | ဦးကျော်ကျော်ဝင်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၃၀) | ဦးထိန်လင်းဦး | အတွင်းရေးမှူး၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၃၁) | ဒေါ်အေးအေးမိုး | လက်ထောက်ညွှန်ကြားရေးမှူး တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး | တွဲဖက်အတွင်းရေးမှူး |

(ခ) **ကော့သောင်းခရိုင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးမောင်မောင်လေး | ဥက္ကဋ္ဌ ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးသိန်းလွင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးလှမော် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးမောင်အေး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးနိုင်ထွန်းဦး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးကိုကို | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးမျိုးတင့်ထူး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ထွေ/အုပ်) | အဖွဲ့ဝင် |
| (၈) | ဒေါ်ဥမ္မာချို | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးသိန်းဆွေဦး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးဇင်ထက် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လဝက) | အဖွဲ့ဝင် |
| (၁၁) | ဒေါ်သန်းစိုး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | Dr.လင်းထိုက် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဦးဝေလင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်ယဉ်မြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၅) | ဦးဘဂွမ် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စည်ပင်) | အဖွဲ့ဝင် |
| (၁၆) | ဦးတင်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးထွန်းမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးစိုးတင့် | ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးရဲမြင့် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးသန်းကြွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၁) | စောစိန်ထွေး | ကရင်ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးမင်းမြင့်အောင် | မွန်ညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးထွန်းသိန်း | ထားဝယ်တိုင်းရင်းသားများပါတီ | အဖွဲ့ဝင် |
| (၂၄) | ဦးဇော်ဦး | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၅) | ဦးမြင့်မောင် | တစ်သီးပုဂ္ဂလ | အဖွဲ့ဝင် |
| (၂၆) | ဦးမြသောင်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၇) | ဦးချစ်စိုး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၈) | ဦးထွန်းထွန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၉) | ဦးမိုးအောင်ကျော် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၀) | ဒေါ်ဦးမြသန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၁) | ဒေါ်မော်မော်အောင် | အတွင်းရေးမှူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

(ဂ) **ထားဝယ်ခရိုင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးထွန်းကြည် | ဥက္ကဋ္ဌ ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဒေါ်မြင့်မြင့်သန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဒေါ်အေးမြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးသန်းစိန် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးအောင်မြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးကျော်လှ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးဘုန်းလှိုင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ထွေ/အုပ်) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၈) | ဒေါ်ဇာဇာထွန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဒေါ်စမ်းစမ်းတင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးဆန်းအောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လဝက) | အဖွဲ့ဝင် |
| (၁၁) | ဒေါ်တီတီစန်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | Dr.ဥက္ကာ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဒေါ်မီမီအောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်အိအိခိုင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၅) | ဦးသက်ထွန်းစံ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စည်ပင်) | အဖွဲ့ဝင် |
| (၁၆) | စောအိမ်ဂျယ်ဂျူး | ကရင်ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးသီးလွင် | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးထွန်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးမောင်မောင်အေး | ထားဝယ်တိုင်းရင်းသားများပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးအောင်ဝင်း | တစ်သီးပုဂ္ဂလ | အဖွဲ့ဝင် |
| (၂၁) | ဦးစိုးသက်အောင် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးကျော်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးဝင်းဦး | ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၄) | ဦးတင်ထူးအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၅) | ဦးအောင်မျိုးခိုင် | မွန်ညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၆) | ဦးတင်လှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၇) | ဦးညီညီ | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | အဖွဲ့ဝင် |
| (၂၈) | ဦးစောရှိန် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၉) | ဒေါ်ခင်မိုးမြင့် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၀) | ဦးလှထွန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၁) | ဦးစံအေး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၂) | ဦးဝင်းစိန် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၃) | ဦးသက်ထူးတင် | အတွင်းရေးမှူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

(ဃ) **မြိတ်ခရိုင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးဝင်းကြည် | ဥက္ကဋ္ဌ ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးထင်အောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးစန်းလွင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးတင်လှ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးမောင်မောင်လေး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးဝွမ်ကြည် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးအောင်မိုးဦး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ထွေ/အုပ်) | အဖွဲ့ဝင် |
| (၈) | ဒေါ်မေသန္တာအောင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးဝင်းဇော် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးတင်ဇော်ဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လဝက) | အဖွဲ့ဝင် |
| (၁၁) | ဦးမြင့်ဦး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | Dr.သန္တာမျိုးဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဦးသန့်ဇင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်သူဇာဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၅) | ဦးကြည်စိုး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စည်ပင်) | အဖွဲ့ဝင် |
| (၁၆) | ဦးအောင်ဇော်မိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၇) | ဒေါ်အေးအေးမြတ် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးကံထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးချစ်ဝေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးအောင်အောင် | ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးစိုးကြွယ် | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၂) | စောအောင်ဝင်း | ကရင်ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးမောင်တူး | မွန်ညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၄) | ဦးသန်းနိုင်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၅) | ဦးဝင်းကြည် | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | အဖွဲ့ဝင် |
| (၂၆) | Dr.ညိုညိုသင်း | တစ်သီးပုဂ္ဂလ | အဖွဲ့ဝင် |
| (၂၇) | ဦးမောင်ကြီး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၈) | ဦးချန်ရွှေ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၉) | Dr.အေးအေးသိန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၀) | ဦးလှိုင်ဘွား | အတွင်းရေးမှူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

**(င) ကော့သောင်းမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးမျိုးမြင့် | ဥက္ကဋ္ဌ ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးအုန်းမြ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးသောင်းညွန့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးကိုကိုနိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးရဲမွန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးဝင်းဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးသန်းမျိုးအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ထွေ/အုပ်) | အဖွဲ့ဝင် |
| (၈) | ဒေါ်မေဇင်ဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးသက်စိုး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးစောဝင်းကြည် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လဝက) | အဖွဲ့ဝင် |
| (၁၁) | ဒေါ်သန်းစိုး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | Dr.ထိန်လင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ကြည်ပြာစိုး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်မိုးမိုးအေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၅) | ဦးမန်းထွန်းယုအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စည်ပင်) | အဖွဲ့ဝင် |
| (၁၆) | ဦးလှရွှေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးခိုင်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးမြင့်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဒေါ်စန္ဒာရွှေ | ထားဝယ်တိုင်းရင်းသားများပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးတင်ငွေ | မွန်ညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးရဲမြင့် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးသန်းစိုး | ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးဝင်းဌေးဦး | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၄) | ဦးစိုးမိုးထွေး | တစ်သီးပုဂ္ဂလ | အဖွဲ့ဝင် |
| (၂၅) | ဦးတင်မြင့် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၆) | ဦးနိုင်လင်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၇) | ဦးမောင်မြတ် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၈) | ဦးဟိန်းဇော်မြင့် | အတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

**(စ) ဘုတ်ပြင်းမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးသိန်းထွန်း | ဥက္ကဋ္ဌ ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးမြင့်ဆွေ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးမြင့်အေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဒေါ်နှင်းပွင့်ခိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးတင်ဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးထွန်းလွင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးနေမင်းအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ထွေ/အုပ်) | အဖွဲ့ဝင် |
| (၈) | ဒေါ်ဖြူဖြူသိန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးညွန့်ဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးကျော်ကျော်လွင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လဝက) | အဖွဲ့ဝင် |
| (၁၁) | ဒေါ်မြို့အေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | Dr.ထွန်းထွန်းကျော် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဦးရဲမြင့်ဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်မာလာ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၅) | ဦးမျိုးဝင်းလှိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စည်ပင်) | အဖွဲ့ဝင် |
| (၁၆) | ဦးဇော်ထိုက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးဖေတင် | မွန်ညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးဇော်မင်းသန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးမျိုးလွင် | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးအေးမင်းဇော် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးအောင်ဆန်း | ကရင်ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးအောင်မိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးလှကျော်စိန် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးကိုကိုထွန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးလင်းအောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၆) | ဦးကျော်သိန်းမောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၇) | ဦးတင်နွယ် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၈) | ဒေါ်ဇင်မာထွေး | အတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

**(ဆ) ထားဝယ်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးစိုးလွင် | ဥက္ကဋ္ဌ ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဒေါ်မာမာဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးဝင်းကြည် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးအောင်စိုး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးသန်းငွေ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးလှိုင်ကြည် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးထွန်းထွန်းလင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ထွေ/အုပ်) | အဖွဲ့ဝင် |
| (၈) | ဒေါ်မိုးဝါ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးထွန်းထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးကျော်ကျော်နိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လဝက) | အဖွဲ့ဝင် |
| (၁၁) | ဒေါ်အေးအေးဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | ဦးဉာဏ်ထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဦးဥက္ကာကျော် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်ဖြူဖြူသက် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စာရင်းစစ်) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၅) | ဦးထွန်းထွန်းဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စည်ပင်) | အဖွဲ့ဝင် |
| (၁၆) | ဦးသိန်းဟန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးကျော်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးခင်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဒေါ်ခင်သန်းအေး | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးစိုးသိန်း | ထားဝယ်တိုင်းရင်းသားများပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးကျော်နိုင် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးစောဘွေးဒို | ကရင်ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးသန်းဇော်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၄) | ဦးသန့် | ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၅) | ဒေါ်အေးစိန် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၆) | ဦးကျော်စိုး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၇) | ဦးလှသောင်း | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၈) | ဦးမျိုးနိုင်ဦး | အတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

**(၉) ရေဖြူမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးခင်မောင်မြင့် | ဥက္ကဋ္ဌ ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးမောင်စိုး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးစံရွှေ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးစိုးကျော်သူ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးမြင့်ဆွေ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးဝင်းရှိန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးကျော်မိုးဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ထွေ/အုပ်) | အဖွဲ့ဝင် |
| (၈) | ဒေါ်ဖြူဖြူရှိန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးအောင်ဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးဗိုလ်မြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လဝက) | အဖွဲ့ဝင် |
| (၁၁) | ဦးဝေယံစိုး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | Dr.ခင်မျိုး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဦးကိုဇင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်နွယ်နွယ်ဝေ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၅) | ဦးနိုင်ထွေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စည်ပင်) | အဖွဲ့ဝင် |
| (၁၆) | ဦးမျိုးဇော် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးနိုင်သင်း | မွန်ညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးမြင့်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးထွန်းသစ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးရဲတင့် | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးစိန်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးကျော်အောင် | ထားဝယ်တိုင်းရင်းသားများပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးအောင်စိန် | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | အဖွဲ့ဝင် |
| (၂၄) | ဦးသက်ဦး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးခင်ထွေး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၆) | ဒေါ်သီတာတင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၇) | ဦးအောင်နိုင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၈) | ဦးစိန်မောင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၉) | ဒေါ်ဇင်မာအောင် | အတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

**(ဈ) လောင်းလုံးမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးစိုးသိမ်း | ဥက္ကဋ္ဌ ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးဘမြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဒေါ်လှမြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးတင်အေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးမြင့်ဆွေလေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးစိုးမြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးအောင်ကျော်ဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ထွေ/အုပ်) | အဖွဲ့ဝင် |
| (၈) | ဒေါ်သိန်းသိန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးတိုးလွင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးမောင်မောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လဝက) | အဖွဲ့ဝင် |
| (၁၁) | ဦးအောင်မိုး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | Dr.မင်းညွန့်ဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဒေါ်ဝေဝေချို | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်သန္တာစိုး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၅) | ဦးကျော်ငွေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စည်ပင်) | အဖွဲ့ဝင် |
| (၁၆) | ဒေါ်ငွေးကြည် | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးမင်းဇော်ထွေး | ထားဝယ်တိုင်းရင်းသားများပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးစိုးဝင်း | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးမြင့်လွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၂၀) | ဒေါ်ဥမ္မာခင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးမြင့်အောင် | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးအောင်သိန်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၃) | ဒေါ်သီးစိန် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဒေါ်တင်တင်ယု | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးသိန်းအောင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၆) | ဦးမင်းဉာဏ်ဆွေ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၇) | ဒေါ်ဝင်းဝင်းထက် | အတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

**(ည) သရက်ချောင်းမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးရှုထို | ဥက္ကဋ္ဌ ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဒေါ်မွေးရီ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးစိုးစိုးသိန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးအောင်မြင့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးစိုးသောင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးသစ်လွင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးကျော်ဇင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ထွေ/အုပ်) | အဖွဲ့ဝင် |
| (၈) | ဦးနိုင်ဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးဇော်မင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးအောင်ကိုဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လဝက) | အဖွဲ့ဝင် |
| (၁၁) | ဒေါ်စန်းစန်းငွေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | Dr.ပုည | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဦးမင်းသူရ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်နီနီဝင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၅) | ဦးတင်စွမ် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စည်ပင်) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၆) | ဦးဖေထူး | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဒေါ်ခင်ပို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးမင်းသူ | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးမောင်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးဝေဝေလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးကျော်ကျော်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးဝင်းရှိန် | တစ်သီးပုဂ္ဂလ | အဖွဲ့ဝင် |
| (၂၃) | ဦးတင့်လွင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးမျိုးညွန့် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးမြင့်စွမ် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၆) | ဦးတင်ဦး | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၇) | ဒေါ်ကြည်ကြည်လတ် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၈) | ဒေါ်သဉ္ဇာလွင် | အတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

(၄) **ကျွန်းစုမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးအောင်ဝင်း | ဥက္ကဋ္ဌ ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးမောင်မောင်ထွေး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဦးထွန်းရီ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးတင်အောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးဇော်ထွန်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးသိန်းအောင် (ခ)ဦးသိန်းလွင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးအောင်ဝင်းနိုင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ထွေ/အုပ်) | အဖွဲ့ဝင် |
| (၈) | ဒေါ်အေးသန္တာဖြိုး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးမိုးအောင် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးဇော်ထွန်းလင်း | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လဝက) | အဖွဲ့ဝင် |
| (၁၁) | ဒေါ်ဝင်းမာ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | Dr.ရဲမင်းဦး | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဦးပြည့်ဖြိုးသော်တာ | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်ညိုညိုစိန် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၅) | ဦးသိန်းညွန့် | အဖွဲ့ဝင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စည်ပင်) | အဖွဲ့ဝင် |
| (၁၆) | ဦးညဏ်ရှိန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးငွေထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးညီလင်းနိုင် | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးဖိုးကြည် | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | အဖွဲ့ဝင် |
| (၂၀) | ဦးဇော်မင်းလေး | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးကျော်မျိုးအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးစောလင်းကယ် | ကရင်ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးအောင်နိုင် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးသန်းဆွေ | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးလေးမြင့် | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၆) | ဦးမောင်ကင်း | သြဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
|---|---|---|---|---|
| | | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
| ၁ | ပြည်ထောင်စုဝန်ကြီးရုံး | ၅၇ | ၁၂၅ | ၁၈၂ |
| ၂ | နိုင်ငံရေးရာဦးစီးဌာန | ၉၅ | ၁၆၂ | ၂၅၇ |
| ၃ | အာဆီယံရေးရာဦးစီးဌာန | ၄၁ | ၆၅ | ၁၀၆ |
| ၄ | မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | ၁၀၄ | ၁၀၅ | ၂၀၉ |
| ၅ | သံတမန်ရေးရာဦးစီးဌာန | ၆၀ | ၉၅ | ၁၅၅ |
| ၆ | အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန | ၈၈ | ၁၂၃ | ၂၁၁ |
| ၇ | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန | ၁၀၉ | ၁၅၉ | ၂၆၈ |
| ၈ | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန | ၈၂ | ၇၀၈ | ၇၉၀ |
| ၉ | မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံး | ၂၃၅ | ၂၅၂ | ၄၈၇ |
| ၁၀ | ဒေသခံနှင့်ဝန်ထမ်း | - | ၆၀၁ | ၆၀၁ |
| | **စုစုပေါင်း** | ၈၇၁ | ၂၃၉၅ | ၃၂၆၆ |

အမိန့်အရ

အောင်ဆန်းစုကြည်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၆/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်)

**မြေလွှဲပြောင်းပေးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ

ပုဒ်မ-၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကွင်းအမှတ်-၄၀၀ ဘီ (စဉ့်ငူကွင်း)၊ ဦးပိုင်အမှတ် (၁၀၅/ခ[၆]၊ ၁၀၆/ခ[၂]၊ ၁၀၉/၃)၊ မြေဧရိယာ (၂. ၁၆၀) ဧကရှိ အစိုးရမြေနေရာများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေများကို အများပြည်သူအကျိုးငှာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသုံးပြုရန် မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | ကွင်း အမှတ် | ဦးပိုင် အမှတ် | ခန့်မှန်းမြေ ဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန် တိုင်းဒေသကြီး | အင်းစိန် | ၄၀၀ ဘီ (စဉ့်ငူကွင်း) | ၁၀၅/ခ[၆]၊၁၀၆/ခ[၂]၊ ၁၀၉/၃ | ၂ | ၁၆၀ | |

၃။ **ဦးပိုင်အမှတ် (၁၀၅/ခ[၆]၊၁၀၆/ခ[၂]) တို့၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

| | | |
|---|---|---|
| အရှေ့လားသော် | - | ရေနံပြွန်လမ်း |
| အနောက်လားသော် | - | ဦးပိုင်အမှတ် (၁၀၅/ခ[၅]၊ ၁၀၅/ခ[၇]) |
| တောင်လားသော် | - | ဦးပိုင်အမှတ် (၁၀၅/က[၁]) |
| မြောက်လားသော် | - | လမ်း |

**ဦးပိုင်အမှတ် (၁၀၉/၃) ၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

| | | |
|---|---|---|
| အရှေ့လားသော် | - | Plot No.261/5 |
| အနောက်လားသော် | - | ရေနံပြွန်လမ်း |
| တောင်လားသော် | - | ဦးပိုင်အမှတ် (၁၀၈/၁) |
| မြောက်လားသော် | - | လမ်း |

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၄၁/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကွင်းအမှတ်-၄၀၀ ဘီ (စဉ့်ငူကွင်း)၊ ဦးပိုင်အမှတ် (၁၀၅/ခ[၆]၊ ၁၀၆/ခ[၂]၊ ၁၀၉/၃)၊ မြေဧရိယာ (၂. ၁၆၀) ဧကရှိ အစိုးရမြေနေရာများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

ဟန်ဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်)

၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၀) မှ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် မူလဖွဲ့စည်းပုံအား အရာထမ်းရာထူး (၇၃၄) နေရာ၊ အမှုထမ်းရာထူး (၁၀၁၂၆) နေရာ စုစုပေါင်းရာထူး (၁၀၈၆၀) နေရာဖြင့် ဖွဲ့စည်းထားရှိရာမှ ဌာနခွဲ၊ ဌာနစုများကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရန်၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများကို အင်အားတိုးချဲ့ဖွဲ့စည်းရန်၊ ခရိုင်ရုံးများနှင့် မြို့နယ်ရုံးများကို “က” အဆင့်နှင့် “ခ” အဆင့် တိုးမြှင့်သတ်မှတ်ဖွဲ့စည်းရန်အတွက် ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူး (၁) နေရာအပါအဝင် အရာထမ်းရာထူး (၆၇၄) နေရာ တိုးချဲ့၍ အမှုထမ်းရာထူး (၆၇၄) နေရာ လျှော့ချပြီး အရာထမ်းရာထူး (၁၄၀၈) နေရာ၊ အမှုထမ်းရာထူး (၉၄၅၂) နေရာ စုစုပေါင်းရာထူး (၁၀၈၆၀) နေရာဖြင့် အင်အားပြောင်းလဲမှုမရှိဘဲ အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

**(ဦးရေ)**

| စဉ် | ဌာန၊ ရုံး | မူလဖွဲ့စည်းပုံအင်အား | | | ပြင်ဆင်ဖွဲ့စည်းပုံအင်အား | | |
|---|---|---|---|---|---|---|---|
| | | အရာထမ်း | အမှုထမ်း | ပေါင်း | အရာထမ်း | အမှုထမ်း | ပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ရုံးအဖွဲ့ | ၂၅ | ၁၄၀ | ၁၆၅ | ၂၆ | ၁၃၉ | ၁၆၅ |
| ၂ | စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန | ၂၃ | ၇၃၂ | ၇၅၅ | ၆၅ | ၈၆၃ | ၉၂၈ |
| ၃ | စစ်ဆေးရေးဦးစီးဌာန | ၅၄ | ၃၈၇ | ၄၄၁ | ၂၅၄ | ၃၈၇ | ၆၄၁ |
| ၄ | တိုင်းဒေသကြီး/ပြည်နယ် စစ်ရင်းစစ်ချုပ်ရုံးများ | ၂၄၀ | ၁၆၈၃ | ၁၉၂၃ | ၄၇၆ | ၁၅၀၆ | ၁၉၈၂ |
| ၅ | ခရိုင်စာရင်းစစ်ရုံးများ | ၇၁ | ၁၂၈၄ | ၁၃၅၅ | ၂၆၇ | ၁၄၆၉ | ၁၇၃၆ |
| ၆ | မြို့နယ်စာရင်းစစ်ရုံးများ | ၃၂၁ | ၅၉၀၀ | ၆၂၂၁ | ၃၂၀ | ၅၀၈၈ | ၅၄၀၈ |
| | **စုစုပေါင်း** | **၇၃၄** | **၁၀၁၂၆** | **၁၀၈၆၀** | **၁၄၀၈** | **၉၄၅၂** | **၁၀၈၆၀** |

မော်သန်း

ပြည်ထောင်စုစာရင်းစစ်ချုပ်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၀)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်)

၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၀) မှ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ မူလဖွဲ့စည်းပုံအင်အားပါ အရာထမ်း (၃၉၈) နေရာ၊ အမှုထမ်း (၂၁၀၁) နေရာ စုစုပေါင်း (၂၄၉၉) နေရာဖြင့် ဖွဲ့စည်းထားခြင်းအစား

အရာထမ်း (၄၃) နေရာတိုးမြှင့်ပြီး အမှုထမ်း (၉၈) နေရာ လျှော့ချကာ စုစုပေါင်းရာထူး (၅၅) နေရာ လျှော့ချ၍ အရာထမ်းရာထူး (၄၄၁) နေရာ၊ အမှုထမ်းရာထူး (၂၀၀၃) နေရာ စုစုပေါင်းရာထူး (၂၄၄၄) နေရာဖြင့် အောက်ပါဌာနအလိုက် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| စဉ် | ဌာန | မူလဖွဲ့စည်းပုံအင်အား | | | ပြင်ဆင်ဖွဲ့စည်းပုံအင်အား | | |
|---|---|---|---|---|---|---|---|
| | | အရာထမ်း | အမှုထမ်း | ပေါင်း | အရာထမ်း | အမှုထမ်း | ပေါင်း |
| ၁ | ဥက္ကဋ္ဌရုံးအဖွဲ့ | ၁၈ | ၄၄ | ၆၂ | ၄၀ | ၇၈ | ၁၁၈ |
| ၂ | ဝန်ထမ်းရေးရာဦးစီးဌာန | ၃၄ | ၁၁၁ | ၁၄၅ | ၄၂ | ၁၂၃ | ၁၆၅ |
| ၃ | ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ၄၆ | ၁၆၆ | ၂၁၂ | ၅၉ | ၁၇၈ | ၂၃၇ |
| ၄ | ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၁၅၀ | ၈၉၀ | ၁၀၄၀ | ၁၅၀ | ၈၁၂ | ၉၆၂ |
| ၅ | ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၁၅၀ | ၈၉၀ | ၁၀၄၀ | ၁၅၀ | ၈၁၂ | ၉၆၂ |
| | စုစုပေါင်း | ၃၉၈ | ၂၁၀၁ | ၂၄၉၉ | ၄၄၁ | ၂၀၀၃ | ၂၄၄၄ |

## အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်)

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၀) ၏ အတည်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးအုပ်၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၂) ဦးတို့အား ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|
| (၁) | ဒေါ်ဝါဝါအောင်<br>ရုံးအုပ် | ဦးစီးအရာရှိ |
| (၂) | ဒေါ်သိန်းသိန်းနု<br>ရုံးအုပ် | ဦးစီးအရာရှိ |

## အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၂၀)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ရုံးအုပ်၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဒေါ်တင်တင်လှ အား ဥက္ကဋ္ဌရုံးအဖွဲ့တွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဦးစီးအရာရှိ ဒေါ်တင်တင်လှ အား လုပ်ငန်းလိုအပ်ချက်အရ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

ဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၄ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပမှု ရှိစေရေးအတွက် နေပြည်တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ) တို့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များဖြစ်သော လမ်းဘေးတွင် ကုန်စည်ခင်းကျင်းရောင်းချခြင်းဆိုင်ရာ စည်းကမ်းများကို အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းစည်းကမ်းများ၏ အပိုဒ် ၁၊ အပိုဒ်ခွဲ (င) ပါ **လမ်းဘေးပျံ့ကျဆိုင်** ဆိုသည့် စကားရပ်တွင်ပါဝင်သည့် စားသောက်ကုန်နှင့် ကုန်ပစ္စည်းများအား ယာဉ်နှင့်လှည့်လည်ရောင်းချသူများ အနေဖြင့် သိရှိလိုက်နာရန်အတွက် ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ အောက်ပါအတိုင်း ကြေညာလိုက်သည်-

**ယာဉ်နှင့်လှည့်လည်ရောင်းချခွင့်လိုင်စင် လျှောက်ထားရာတွင် ပါရှိရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၁။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီသည် အစားအသောက်ရောင်းချသည့်လုပ်ငန်း၊ စားသောက်ကုန်ပစ္စည်းနှင့် ကုန်မျိုးစုံရောင်းချသည့်လုပ်ငန်း၊ လူသုံးကုန်ပစ္စည်းများရောင်းချသည့်လုပ်ငန်း၊ ကုန်စိမ်း/ဟင်းသီးဟင်းရွက်/အသီးအနှံစသည်များ ရောင်းချသည့်လုပ်ငန်း၊ အသား/ငါး/ပုစွန်စသည်များရောင်းချသည့်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သည့်လုပ်ငန်းနှင့် ဝင်ငွေရသောလုပ်ငန်းများကို ဆောင်ရွက်နေသောလုပ်ငန်းများအား ယာဉ်နှင့်လှည့်လည်ရောင်းချရန်အတွက် လိုင်စင်တစ်ခုထုတ်ပေးမည်ဖြစ်ပြီး လိုင်စင်ခကို ဘဏ္ဍာရေးနှစ် တစ်နှစ်ကာလအပိုင်းအခြားအတွက် နှစ်စဉ်သတ်မှတ်ပေးမည်ဖြစ်သဖြင့် ယာဉ်နှင့်လှည့်လည်ရောင်းချသည့်လုပ်ငန်း တစ်စုံတစ်ရာလုပ်ကိုင်လိုသူသည် အောက်ပါအချက်အလက်များနှင့် အခြားလိုအပ်သောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ တင်ပြလျှောက်ထားရမည်-

(က) လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာ၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် လိုင်စင်ဓာတ်ပုံ (၂) ပုံ၊

(ဂ) အိမ်ထောင်စုဇယား မိတ္တူ၊

(ဃ) နေရပ်လိပ်စာအပြည့်အစုံ၊

(င) ကျန်းမာရေးဌာန၏ စစ်ဆေးချက်လက်မှတ်၊

(စ) ယာဉ်အမှတ်၊

(ဆ) ယာဉ်အမျိုးအစား၊

(ဇ) ယာဉ်တန်ချိန်၊

(ဈ) ယာဉ်အတိုင်းအတာ၊

(ည) ယာဉ်၏ဆေးအရောင်၊

(ဋ) ယာဉ်နှင့်လှည့်လည်ရောင်းချမည့်နေရာနှင့်လမ်းကြောင်း၊

(ဌ) အသုံးပြုမည့် မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်ယာဉ်၏ လိုင်စင်မှတ်ပုံတင်စာအုပ်မိတ္တူ၊

(ဍ) ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်အဝိုင်းမိတ္တူ၊

(ဎ) အသုံးပြုမည့်ယာဉ်၏ ဓာတ်ပုံ (၃) ပုံ (ရှေ့/နောက်/ဘေး)။

၂။ လိုင်စင်ခကျသင့်ငွေများကို ဘဏ္ဍာရေးနှစ်အလိုက် တစ်ကြိမ်တည်း အပြေအကျေပေးသွင်းရမည်။

၃။ ခွင့်ပြုလိုင်စင်သည် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် သက်တမ်းဖြစ်ပြီး သက်တမ်းကုန်ဆုံး၍ ဆက်လက်လုပ်ကိုင်ဆောင်ရွက်လိုပါက သက်တမ်းမကုန်ဆုံးမီ တစ်လကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ထပ်မံလျှောက်ထားရမည်။

၄။ အစားအသောက်များကို ယင်၊ ကြွက်၊ ပိုးမွှားများနှင့် ဖုန်မှုန့်များမဝင်နိုင်သည့် အိုးခွက်စသည်များတွင် အဖုံးအအုပ်ဖြင့် ထည့်ထားရမည်။ စားသောက်ဖွယ်ရာများ၊ ကုန်ပစ္စည်းများ လှည့်လည်ရောင်းချသည့်ယာဉ်တွင် အသုံးပြုသည့် ပစ္စည်းများအားလုံးသည် သန့်ရှင်းလတ်ဆတ်ရမည့်အပြင် ကျန်းမာရေးဌာနမှ သတ်မှတ်သည့် သန့်ရှင်းစင်ကြယ်ခြင်းဆိုင်ရာ စံနှုန်းနှင့် ကိုက်ညီရမည်။

၅။ ယာဉ်နှင့်လှည့်လည်ရောင်းချခွင့်လိုင်စင်ရရှိသူသည် လုပ်ငန်းဆောင်ရွက်မည့်ယာဉ်အား ယာဉ်ရပ်နားရန်သတ်မှတ်ထားသောလမ်း၊ ယာဉ်ရပ်နားရန် သတ်မှတ်နေရာနှင့်ယာဉ်ရပ်နားကွင်းများတွင် ရပ်နား၍ရောင်းချရမည်။

၆။ ယာဉ်နှင့်လှည့်လည်ရောင်းချသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် အများပြည်သူအသုံးပြုသွားလာသည့် လမ်းမကြီးများ၊ လမ်းသွယ်များ၊ နောက်ဖေးလမ်းကြားများ၏ အဝင်အဝထိပ်များ၊ လမ်းထောင့်ချိုးကွေ့များ၊ လမ်းဆုံနေရာများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ပုဂ္ဂလိကပိုင်အဆောက်အအုံတို့၏ အဝင်/အထွက် ဂိတ်ဝများနှင့် ယာဉ်ရပ်နားခြင်းမပြုရန် သတ်မှတ်ထားသည့်နေရာများတွင် ရပ်နားရောင်းချခြင်းမပြုရန် လိုက်နာဆောင်ရွက်ရမည်။

၇။ ယာဉ်နှင့်လှည့်လည်ရောင်းချသည့်လုပ်ငန်းသည် ကော်မတီက သတ်မှတ်ထားသောနေရာနှင့် လမ်းကြောင်းများတွင်သာ ဖွင့်လှစ်ရောင်းချရမည်။

၈။ ယာဉ်နှင့်လှည့်လည်ရောင်းချခြင်းအား နံနက် (၆း၀၀) နာရီမှ ည (၁၀း၀၀) နာရီအထိသာ ဖွင့်လှစ်ရောင်းချရမည်။

၉။ ယာဉ်နှင့်လှည့်လည်ရောင်းချခွင့် လုပ်ငန်းလိုင်စင်ရရှိသူသည် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့် ဝန်ကြီးဌာနအသီးသီးက ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာရမည်။

၁၀။ ဝန်ကြီးဌာနနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းအသီးသီး၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အကျုံးဝင်သည့် လုပ်ငန်းများ လုပ်ကိုင်ခြင်းအတွက် ယင်းဌာနအဖွဲ့အစည်းများ၏ မှတ်ပုံတင်/ခွင့်ပြုချက်ကို လက်ဝယ်ရယူထားရမည်။

၁၁။ မော်တော်ယာဉ်နှင့်ပတ်သက်၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေများ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေနှင့် နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

၁၂။ လှည့်လည်ရောင်းချသည့် မော်တော်ယာဉ်/ဆိုင်ကယ်သည် လိုင်စင်သက်တမ်းရှိရမည်ဖြစ်ပြီး ယာဉ်နှင့်လှည့်လည်ရောင်းချခွင့် လုပ်ငန်းလိုင်စင်သက်တမ်းလည်းရှိရမည်။

၁၃။ လုပ်ငန်းဆောင်ရွက်သည့်ယာဉ်တွင် လုပ်ငန်းလိုင်စင်ကတ် အမြဲချိတ်ဆွဲထားရမည်။

၁၄။ ယာဉ်နှင့်လှည့်လည်ရောင်းချခွင့် လိုင်စင်ကတ်ပါ စည်းကမ်းချက်များအား လိုက်နာရမည်။

၁၅။ လုပ်ငန်းဆက်လက်လုပ်ကိုင်ခြင်းမရှိတော့ပါက လိုင်စင်ကတ်ကို ဌာနသို့ ပြန်လည်အပ်နှံရမည်။

၁၆။ ဆိုင်မှထွက်ရှိသည့် အမှိုက်များစွန့်ပစ်ရန်အတွက် အဖုံးပါသောအမှိုက်ပုံးအား ယာဉ်ဖြင့် တစ်ပါတည်း စီစဉ်ထားရှိရမည်။

၁၇။ ယာဉ်နှင့်လှည့်လည်ရောင်းချခွင့် လိုင်စင်ရရှိသူသည် မီးသွေးမီးဖို၊ ဂက်စ်မီးဖို အသုံးပြုပါက မီးဘေးကာကွယ်ရန် မီးသတ်ဆေးဘူးထားရှိရမည်။

**တားမြစ်ချက်များ**

၁၈။ ယာဉ်နှင့်လှည့်လည်ရောင်းချသည့် လုပ်ငန်းလုပ်ကိုင်သူသည် လှည့်လည်ရောင်းချသည့် ယာဉ်အား-

(က) မြို့နယ်များ၏ လမ်းဆုံလမ်းခွတွင် ပိတ်ဆို့ရောင်းချခြင်း မပြုရ၊

(ခ) တစ်နေရာတည်းတွင် အချိန် (၂) နာရီထက် ရပ်နား၍ ရောင်းချခြင်းနှင့် ယာဉ်၏ဘေးတွင် ထိုင်ခုံများချပြီး ရောင်းချခြင်းများ မပြုရ၊

(ဂ) အများပြည်သူ စိတ်ပြိုငြင်ဖွယ်ရာ ဆူညံသောအသံများ မဖွင့်ရ၊ မပြုလုပ်ရ၊

(ဃ) ယာဉ်၏ ခံနိုင်ရည်ဝန်အားထက် ပိုမတင်ရ၊

(င) ယာဉ်အမိုးပေါ်တွင် ပစ္စည်းများမတင်ရ၊ ယာဉ်ကိုယ်ထည်ဘေးထွက်၍ ပစ္စည်းများခင်းကျင်းခြင်း၊ နောက်ပိတ်တံခါးပေါ်တွင် ကုန်ပစ္စည်းများတင်၍ ရောင်းချခြင်း မပြုရ၊

(စ) အရက်သေစာ၊ မူးယစ်ဆေးဝါး စသည့် ဥပဒေနှင့်မလွတ်ကင်းသောပစ္စည်းများ သယ်ဆောင်ခင်းကျင်းရောင်းချခြင်း မပြုရ၊

(ဆ) အမှိုက်များကို စည်းကမ်းမဲ့ စွန့်ပစ်ထားခြင်း မပြုရ။

၁၉။ ယာဉ်နှင့်လှည့်လည်ရောင်းချသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် ဤစည်းကမ်းချက်များအရ ထုတ်ပေးထားသည့်လိုင်စင်ကို တစ်ဆင့်လွှဲပြောင်းခြင်း မပြုရ။

၂၀။ မည်သူမျှ သန့်ရှင်းစင်ကြယ်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့်ကိုက်ညီသော်လည်း အများပြည်သူကျန်းမာရေးအရ ကန့်သတ်ထားသော အစားအစာများအား ရောင်းချခြင်း မပြုရ။

၂၁။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီက ဤစည်းကမ်းများအရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်မရှိဘဲ ယာဉ်ဖြင့်လှည့်လည်ရောင်းချသည့်လုပ်ငန်း ဆောင်ရွက်ခြင်း မပြုရ။

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၂၂။ ယာဉ်နှင့်လှည့်လည်ရောင်းချခွင့် လုပ်ငန်းလိုင်စင်ရရှိသူသည် ဤစည်းကမ်းအရ သတ်မှတ်ထားသော စည်းကမ်းချက်၊ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက တရားရုံးမှ ချမှတ်သည့် ပြစ်ဒဏ်တစ်စုံတစ်ရာကို ခံရမည့်အပြင် ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ ကျပ် (၅၀,၀၀၀) တိတိ တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်/ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်/ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

**အထွေထွေ**

၂၃။ ကော်မတီသည် လိုင်စင်ခနှုန်းထားများကိုသော်လည်းကောင်း၊ အပိုဒ် ၂၂ (ခ) ပါ ဒဏ်ကြေးငွေသော်လည်းကောင်း၊ ယာဉ်နှင့်လှည့်လည်ရောင်းချခွင့် လုပ်ငန်းအမျိုးအစားကိုသော်လည်းကောင်း အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

၂၄။ ကော်မတီသည် ယာဉ်နှင့်လှည့်လည်ရောင်းချခွင့်လိုင်စင် ထုတ်ပေးပြီးဖြစ်စေကာမူ လမ်းကြောင်းလွတ်ကင်းမှုမရှိကြောင်း၊ မြို့၏ သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပရေးကို ထိခိုက်စေနိုင်ကြောင်း စစ်ဆေးတွေ့ရှိပါက ခွင့်ပြုထားသည့်လိုင်စင်ကို ရုပ်သိမ်းနိုင်သည်။

၂၅။ ယာဉ်နှင့်လှည့်လည်ရောင်းချခွင့် လိုင်စင်ရရှိသူသည် ကော်မတီက ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းကမ်းများ အခါအားလျော်စွာထုတ်ပြန်သည့် စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် အခြားတည်ဆဲဥပဒေများကိုလည်း လိုက်နာရမည်။

၂၆။ ဤအမိန့်ကြော်ငြာစာပါ စည်းကမ်းများအား လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် နေပြည်တော်စည်ပင်သာယာရေးဥပဒေနှင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရမည်။

ဒေါက်တာမျိုးအောင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ချင်းပြည်နယ်အစိုးရအဖွဲ့**

**ရုံးအမိန့်အမှတ် (၃၇/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်)

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အောက်ဖော်ပြပါ အငယ်တန်းအင်ဂျင်နီယာ-၂ (၅) ဦးတို့အား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ လက်ထောက်အင်ဂျင်နီယာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ အသီးသီးတိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဦးဗားခို

(၂) ဦးထောင်ဇလျန်

(၃) ဦးထိန်လင်းအောင်

(၄) ဦးဟွေထောင်းဆန်

(၅) ဦးကပ်ဆွင်းခွါလ်

**ရုံးအမိန့်အမှတ် (၃၈/၂၀၂၀)**

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၄) ဦးတို့အား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ အသီးသီးတိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဦးဗန်တွန်း

(၂) ဒေါ်ထလွဲအီယာန်

(၃) ဒေါ်ဇိန်ကျဲရ်

(၄) ဒေါ်မာရီ

ဆလိုင်းလျန်လွယ်
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မွန်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၉ ရက်)

၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၀) အရ မွန်ပြည်နယ်အစိုးရအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ထမ်းဆောင်လျက်ရှိသည့် အောက်ဖော်ပြပါ အငယ်တန်းအင်ဂျင်နီယာ-၂ (၃) ဦးတို့အား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်ရက်နေ့မှစ၍ လက်ထောက်အင်ဂျင်နီယာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

(က) ဦးနေစိုးကျော်

(ခ) ဦးရဲရင့်ထွန်း

(ဂ) ဦးဇော်ဝင်းအောင်

ဒေါက်တာအေးဇံ
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် ( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်)

ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်၊ အကွက်အမှတ်/အမည် (၂၃၊ လွန်းကျိုင်း)၊ ဦးပိုင်အမှတ် (၁၆၀/၁၁၄၈)၊ မြေဧရိယာ **၃. ၈၆ ဧက** အား **နောင်ခမ်းအောင်ဆုပန်ပရဟိတကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၆၈/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ ကမာဝက်မြို့၊ ဂုံညင်းတန်းရပ်ကွက်၊ ကွင်းအမှတ်/အမည် - ကြေးတိုင်ပြင်ကွင်း၊ မြေကွက်အမှတ် (၁) ရှိ မြေဧရိယာ **၆. ၃၀ ဧက** အား **ရာမညနိကာယဝင်းကမေ့ာဂတ်တဲကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်)

ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ မိုးနဲမြို့၊ လွယ်ပြေရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၁/လွယ်မြေရပ်)၊ ဦးပိုင်အမှတ် (၁၂၉)၊ မြေဧရိယာ **၁. ၆၇၉ ဧက** အား **ဝိဇ္ဇာရိယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂/ကျောက်တောတောင်ရပ်)၊ ဦးပိုင်အမှတ် (၁၄)၊ မြေကွက်အမှတ် (၁၃၂+၁၃၃+၁၃၄+၁၃၅+၁၅၆+၁၅၇+၁၅၈+၁၅၉+၁၆၀+၁၆၂+၁၆၃+၁၆၄+၁၆၅+၁၆၆+၁၆၇+၁၆၈+၁၆၉+၁၇၀+၁၇၁+၁၇၂+၁၇၃+၁၇၄+၁၇၅+၁၇၆+၁၇၇+၁၉၅+၁၉၆+၁၉၇+၁၉၈+၂၀၂+၂၀၃+၂၀၄)၊ မြေဧရိယာ **၂. ၅၁၃ ဧက** အား **မဟာစည်သာသနာ့ရိပ်သာ** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်)

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (OSS-၉၇၊ မော်ရှန်)၊ ဦးပိုင်အမှတ် (၂၂၆) ရှိ **မြေဧရိယာ ၃. ၃၀၀ ဧက** အား **စိန်လုကာကက်သလစ် အသင်းတော်ဘုရားကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်)

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (OSS-၉၆၊ ရပ်ကွက်-၂)၊ ဦးပိုင်အမှတ် (၅၇) ရှိ **မြေဧရိယာ ၀. ၆၇၁ ဧက** အား **စိန်ပေါလ်ကက်သလစ် အသင်းတော်ဘုရားကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက်)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်၊ လုံးပြင်ကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၆/နောင်ဝိုးဈေး)၊ ဦးပိုင်အမှတ် (၄၉၊ ၄၉/၁၊ ၅၀) ရှိ **မြေဧရိယာ ၅. ၂၁ ဧက** အား **နောင်ဝိုး ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ သာစည်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃၆၁/သာစည်ရွာမ)၊ ဦးပိုင်အမှတ် (၁၀၆၊ ၁၀၇/၂၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၃၊ ၁၁၄)၊ **မြေဧရိယာ ၄. ၆၇ ဧက** အား **အောင်ချမ်းသာတိုက်သစ်ကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၇၅/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်)

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ရဲသာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၁၈၈[ခ]/ နောင်ခရိုင်တောင်ကွင်း၊ ဦးပိုင်အမှတ် ( ၅၇/၉၈၈ ၊ ၅၈၊ ၂၀၄/၉၈၆ ၊ ၂၁၉/၉၈၇ ၊ ၂၈၆/၉၈၉ ) တို့ရှိ **မြေဧရိယာ ၃၃. ၀၇ ဧက** အား **သမိုင်းဝင်ဆံတော်ရှင်ကျောက္ကလပ်သာသနာမြေ** နေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်)

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့၊ ခါနန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၁/ခါနန်ရပ်)၊ ဦးပိုင်အမှတ် (၂၆)၊ **မြေဧရိယာ ၁. ၂၂၆ ဧက** အား **စိန်ယောဟန်ကက်သလစ်ဘုရားရှိခိုးကျောင်း မြေ**နေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၀)

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့၊ ကြေးနန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၇/ကျွန်းပင်သာရပ်)၊ ဦးပိုင်အမှတ် (၃၇)၊ **မြေဧရိယာ ၃. ၈၅၀ ဧက** အား **စိန်မေရီကက်သလစ်ဘုရားရှိခိုးကျောင်း မြေ**နေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၆ ရက်)

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့၊ ကြေးနန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၀/ကြေးနန်းပိုင်းရပ်)၊ ဦးပိုင်အမှတ် (၁၂)၊ **မြေဧရိယာ ၂. ၈၉၄ ဧက** အား **ဖရန်စစ္စကင်သီလရှင်ကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၂ ရက်)

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့၊ ကြေးနန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၀/ကြေးနန်းပိုင်းရပ်)၊ ဦးပိုင်အမှတ် (၁၃)၊ **မြေဧရိယာ ၃. ၂၀၄ ဧက** အား **စိန်ပက်ထရိတ်ကက်သလစ်ဘုရားရှိခိုးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်)

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃၃/စံကောင်းရပ်)၊ ဦးပိုင်အမှတ် (၅) ရှိ **မြေဧရိယာ ၀. ၀၉၂ ဧက** အား **တရုတ်ခရစ်ယာန်အသင်းတော်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နှမ်းကြဲကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၅၀၀/နှမ်းကြဲ)၊ ဦးပိုင်အမှတ် (၁၁၉) ရှိ **မြေဧရိယာ ၁. ၀၄ ဧက** အား **သစ္စာမြေကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ဖျောက်ဆိပ်ကျင်းကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၂၆၉/လက်ပံချိုင်း)၊ ဦးပိုင်အမှတ် (၄/ခ၊ ၈၊ ၉၊ ၆/က^၁၊ ၆/က^၂၊ ၁၀)၊ **မြေဧရိယာ ၈. ၉၀ ဧက** အား **ခြေတော်ရာဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန် အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၅ ရက်)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ဇောင်ချမ်းကုန်းကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၇၂၃/ရုပ်သေးကုန်း)၊ ဦးပိုင်အမှတ် (၉၂)၊ မြေကွက်အမှတ် (၄၀၁၊ ၄၀၃) ရှိ **မြေဧရိယာ ၀. ၈၃ ဧက** အား **မြစိမ်းရောင်သာသနဂုဏ်ရည်ကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၇ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၉၇/ရွာထောင်အရှေ့)၊ မြေကွက်အမှတ် (F-၅၇/၃၇၇)၊ **မြေဧရိယာ ၀. ၂၈ ဧက** အား **မဏိသာရချောင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၂၀)

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ပုပ္ပါကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၀၅၄/ဆည်ကြီးမြောက်)၊ ဦးပိုင်အမှတ် (၁၁) ရှိ **မြေဧရိယာ ၀. ၄၄ ဧက** အား **ရေဝတာရာမ ကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၂၀)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၁၂၅/ရန်အောင်မြင်မြောက်ကွင်း)၊ ဦးပိုင်အမှတ် (၅၂) ရှိ **မြေဧရိယာ ၂. ၀၂ ဧက** အား **ဓမ္မသုရမ္မကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၇၇/သောတာပန်မြောက်)၊ မြေကွက်အမှတ် (F-၅၅/၃၃၃)၊ **မြေဧရိယာ ၀. ၄၈၈ ဧက** အား **ဇလိတာရာမကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၂၀)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ မြောက်ပြည်တော်သာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် [၂၀၈၀ (က) တောင်နောက် (န)]၊ မြေကွက်အမှတ် ( ၁၆/၁၆၈၊ ၂၄/၂၃၃၊ ၂၄/၃၂၃၊ ၂၅/၂၃၄၊ ၃၆/၂၃၅၊ ၃၆/၂၄၆ ) **မြေဧရိယာ ၂. ၁၂၇ ဧက** အား **နဝရတ်ပရိယတ္တိစာသင်တိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၀)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ဖောင်စိန်ရပ်ကွက်၊ ကွင်းအမှတ်/အမည်- OSS-၅/ကြေးတိုင်ပြင်ကွင်းရှိ **မြေဧရိယာ ၉. ၇၈ ဧက** အား **နန္ဒာရာမတောရဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ - ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်)

အမှတ် ၁၂၅/၂၀၂၀။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၁၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်စိုး | ကြည်း ၇၆၀၄၀ | ၁-၆-၂၀၂၀ |
| (၂) | သိန်းတန် | ကြည်း ၇၆၀၄၁ | ၂-၇-၂၀၂၀ |
| (၃) | သန်းစိုး | ကြည်း ၇၆၀၄၂ | ၄-၇-၂၀၂၀ |
| (၄) | မြင့်စိန် | ကြည်း ၇၆၀၄၃ | ၄-၇-၂၀၂၀ |
| (၅) | မြညွန့် | ကြည်း ၇၆၀၄၄ | ၄-၇-၂၀၂၀ |
| (၆) | တင်အောင် | ကြည်း ၇၆၀၄၅ | ၉-၇-၂၀၂၀ |
| (၇) | သန်းဝင်းစိုး | ကြည်း ၇၆၀၄၆ | ၂၁-၇-၂၀၂၀ |
| (၈) | သန်းငွေ | ကြည်း ၇၆၀၄၇ | ၂၈-၇-၂၀၂၀ |
| (၉) | အေးမောင် | ကြည်း ၇၆၀၄၈ | ၃၁-၇-၂၀၂၀ |

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၇ ရက်)

အမှတ် ၁၂၇/၂၀၂၀။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၁၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

စောလှ ကြည်း ၇၆၀၅၀

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၀ ရက်)

အမှတ် ၁၂၈/၂၀၂၀။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၁၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | အောင်စိန် | ကြည်း ၇၆၀၅၁ |
| (၂) | စိန်လွင် | ကြည်း ၇၆၀၅၂ |

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၁၇ ရက်)

အမှတ် ၁၃၁/၂၀၂၀။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၁၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၁၆ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

သိန်းဇော်ဝင်း ကြည်း ၇၆၁၅၃

## (လေတပ်ဌာနစု)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၄ ရက်)

အမှတ် ၈/၂၀၂၀။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၁၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့မှအစပြု၍ တပ်မတော် (လေ) အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) ကျော်ဒွေး လေ ၄၄၁၁
(၂) အာကာမောင်မောင် လေ ၄၄၁၂
(၃) သန်းအေး လေ ၄၄၁၃

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်)

အမှတ် ၁၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၄ ရက်စွဲပါ စာအမှတ်၊ ၃၈၁/ရအဖ-၂/တမ-၂/၂၁၄/၂၀၂၀ ကိုညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/၀ကရ (၈၃၇) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ထန်တလန်နှင့် လေရှီး) မှ ဒုတိယကျောင်းအုပ် (၂) ဦးတို့အား ယှဉ်တွဲဖော်ပြပါရာထူးနေရာများ၌ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး ကျောင်း၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ကျောင်း၊ လစာနှုန်း |
|---|---|---|
| ၁။ | ဦးလိန်းအွမ်<br>ဒုတိယကျောင်းအုပ်<br>လူငယ်သင်တန်းကျောင်း (ထန်တလန်)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ကျောင်းအုပ်<br>လူငယ်သင်တန်းကျောင်း (ဘိုကလေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

| စဉ် | အမည်၊ ရာထူး ကျောင်း၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ကျောင်း၊ လစာနှုန်း |
|---|---|---|
| ၂။ | ဦးစစ်အောင်<br>ဒုတိယကျောင်းအုပ်<br>လူငယ်သင်တန်းကျောင်း (လေရှိး)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ကျောင်းအုပ်<br>လူငယ်သင်တန်းကျောင်း (မောင်တော)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက်)

အမှတ် ၁၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်စွဲပါ စာအမှတ်၊ ၅၀၁/ရအဖ-၂/တမ-၂/၂၇၇/၂၀၂၀ ကိုညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/၀ကရ (၁၀၅၃) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်မှ အောက်ဖော်ပြပါ နည်းပြ (၄) ဦးတို့အား လက်ထောက်ကထိကရာထူးသို့ ယှဉ်တွဲဖော်ပြပါအတိုင်း အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားမည့်ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်ဆုမြတ်နိုးမွန်<br>နည်းပြ<br>မြန်မာစာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>မြန်မာစာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၂။ | ဒေါ်သော်တာလဲ့ဝင်း<br>နည်းပြ<br>ကွန်ပျူတာသိပ္ပံဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>ကွန်ပျူတာသိပ္ပံဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၃။ | ဒေါ်သက်သက်ဝင်းမြင့်<br>နည်းပြ<br>အီလက်ထရောနစ်အင်/ယာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>အီလက်ထရောနစ်အင်/ယာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၄။ | ဦးစိုင်းအောင်မြင့်ဦး<br>နည်းပြ<br>စက်မှုအင်/ယာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>စက်မှုအင်/ယာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

သိန်းဌေးဦး
ညွှန်ကြားရေးမှူးချုပ်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် ( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ZE YING COMMUNICATION MYANMAR Co., Ltd** ကို
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၉၂ (က) အရ
အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ **ZE YING COMMUNICATION MYANMAR Co., Ltd** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၃-၁၁-၂၀၂၀) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်အေးမြင့်ထွန်း [၁၂/မရက (နိုင်) ၁၃၃၁၆၁] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၂၈-၁၂-၂၀၂၀) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်အေးမြင့်ထွန်း ထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

Mr. JIANG YUQIANG
DIRECTOR
ZE YING COMMUNICATION MYANMAR
Co., Ltd

DAW AYE MYINT TUN
(ADVOCATE)
Liquidator
No. 49, 4 Street, Lanmadaw Township,
Yangon.

## JOHN W. HANCOCK AND ASSOCIATES LIMITED

Liquidation (or) Cease of business operation

According to above matter, our Company ***John W.Hancock And Associates Ltd*** 's board of directors have already decided to cease a business operation in the Republic of the Union of Myanmar. So that Shareholders' Meeting was held on 30th September, 2020 and they have decided to cease the business operation w.e.f 30th September 2020.

Mr. John William Hancock
Director
John W.Hancock & Associates Limited

## SHWE PYI WIN WIN TRADING Co., Ltd

ဖျက်သိမ်းရန် ကြေညာချက်

၁။ **SHWE PYI WIN WIN TRADING Co., Ltd** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၅-၁၁-၂၀၂၀) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၆၁/ခ)၊ (၅) လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဆန်းထွန်း [၁၂/သလန (နိုင်) ၀၃၃၂၅၉] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဆန်းထွန်း ထံ ဆက်သွယ် ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

| | |
|---|---|
| U NYI NYI | ဦးဆန်းထွန်း |
| MANAGING DIRECTOR | B.A., CPA., F.B.S.A |
| SHWE PYI WIN WIN TRADING Co., Ltd | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

**OJI ASIA PACKAGING SDN BHD. (MYANMAR BRANCH)**

Notice Under Section 208 (E) of
The Myanmar Companies Act, 1914
(Members' Voluntary Winding-up)

Invitation to the Final Meeting

The Final Meeting of **OJI ASIA PACKAGING SDN BHD. (MYANMAR BRANCH)** will be held on the following details and agenda.

Date : 28th December 2020

Time : 10:00 am

Place : # 105, Prime Hill Business Square, No. 60, Shwe Dagon Pagoda Road, Dagon Township, Yangon, Myanmar.

Object : To submit and explain the liquidator's report and returns.

Daw The Ei Shwe Zin
Liquidator
Advocate (License No. 13055)
# 105, Prime Hill Business Square, No. 60,
Shwe Dagon Pagoda Road, Dagon Township, Yangon,
Myanmar.

**H - A Logistics Myanmar Co., Ltd**
**(အစုရှင်များ၏ ဆန္ဒအရဖျက်သိမ်းဆဲ)**
**နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း**

**H - A Logistics Myanmar Co., Ltd** အစုရှင်များ၏ နောက်ဆုံးအစည်းအဝေးကို (၂၂-၁၂-၂၀၂၀) ရက်နေ့ နံနက် ၁၀း၀၀ နာရီတွင် အခန်းအမှတ် ၄၀၆၊ လေးလွှာ၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်မြတ်ထွန်းတာဝါဘီ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

သောင်းအေး
**B.A, CPA (R.A), D.B.L, D.M.L, D.I.L**
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## GLOBAL SEA HAWK COMPANY LIMITED

ဖျက်သိမ်းရန် ကြေညာချက်

၁။ **GLOBAL SEA HAWK COMPANY LIMITED** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၈-၈-၂၀၂၀) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၁၅၄၊ တတိယထပ်၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဇာနည်ညို B.Com., CPA., LCCI., A.B.S.A., (အစိုးရအသိအမှတ်ပြုလက်မှတ်ရစာရင်းကိုင်နှင့် စာရင်းစစ်) [၁၂/ဗတထ (နိုင်) ၀၂၄၀၄၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို ဒေါ်ဇာနည်ညို ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးမျိုးဇော်ဦး
ဒါရိုက်တာ
GLOBAL SEA HAWK COMPANY LIMITED

ဒေါ်ဇာနည်ညို
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
GLOBAL SEA HAWK
COMPANY LIMITED
Phone : 09-4320-1827, 09-979886630
Phone : 01-397008

## အက်စပရစ် ဖရိတ် ဆားဗစ်ဆစ် လီမိတက်
## (ESPRIT FREIGHT SERVICES LIMITED)

အစုရှင်များဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **အက်စပရစ် ဖရိတ် ဆားဗစ်ဆစ် လီမိတက် (ESPRIT FREIGHT SERVICES LIMITED)** အား (၁-၈-၂၀၂၀) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဝင်းလှိုင် (B.Com., CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို တစ်လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းလှိုင်
(PA-831)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၅၄၇/၁၉/ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၃၀/၂၇-၁၁-၂၀၂၀။